# ပညာရေးဒီဂရီကောလိပ် သင်ရိုးမာတိကာ[1]

## ဒေသဆိုင်ရာသင်ရိုး

- *စာသင်နှစ် - ၄ နှစ်၊ စာသင်နှစ်ဝက် ၈ ခု*
- *စာသင်ချိန် - တစ်ပတ်လျှင် ၅၀ မိနစ် စာသင်ချိန် ၁ ချိန်*

## ၁။ နိဒါန်း

ဤ ဒေသဆိုင်ရာသင်ရိုးဘာသာရပ်သည် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းတွင် ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် သတ်မှတ်ထားသော ဒေသဆိုင်ရာသင်ရိုးဘာသာရပ်တွင်ပါရှိသော သင်ရိုးအကြောင်းအရာများကို သင်ကြားနိုင်သော ဆရာများအဖြစ် ပြင်ဆင်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်ပြီး ဤဘာသာရပ်ကို ထည့်သွင်းထားခြင်းဖြစ်သည်။ ကျောင်းသား[2] (သို့မဟုတ်) မူလတန်းဆရာလောင်းများသည် ဘာသာရပ်နှင့် ဆိုင်သောအခြေခံ ကျွမ်းကျင်မှုများ ကောင်းမွန်စွာရရှိစေရန်အတွက် မူလတန်း၊အလယ်တန်းအဆင့် နှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည်ဖြစ်ပြီး မူလတန်းကျောင်းသားများကို ထိရောက်စွာသင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ (ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်တမ်း အညွှန်းဘောင်၊ ၂၀၁၈)

---

[1] ဤ ဒေသဆိုင်ရာသင်ရိုး ဘာသာရပ်အတွက် သင်ရိုးမာတိကာသည် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (၂၀၁၈) ကို အခြေခံပြီး ၄-နှစ်သင် လုပ်ငန်းခွင်အကြို ပညာရေးဒီဂရီကောလိပ်၊ မူလတန်းသင်ကြားရေး အထူးပြုလမ်းကြောင်းကို ရွေးချယ်ထားသူများအတွက် ပြုစုရေးသားထားခြင်းဖြစ်သည်။

[2] ဤသင်ရိုးမာတိကာတွင် ဖော်ပြထားသော “ကျောင်းသား” သည် "ပညာရေးဒီဂရီကောလိပ်ကျောင်းသား" ကို ရည်ညွှန်းပါသည်။

အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်[3] နှင့် အညီ အမျိုးသားပညာရေး ဥပဒေ (၂၀၁၄၊ ပြန်လည်မွမ်းမံမှု ၂၀၁၅) သည် တိုင်းဒေသကြီး နှင့် ပြည်နယ်အတွက် တိုင်းအစိုးရကို ဒေသဆိုင်ရာ သင်ရိုးရေးဆွဲရန် အခွင့်အလမ်းများ ပေးထားခြင်း ဖြစ်သည်။ ဤဒေသဆိုင်ရာ သင်ရိုးတွင် ပါဝင်မည့် အကြောင်းအရာများကို အခြေခံပညာ သင်ရိုးညွှန်းတမ်း၏ သက်ဆိုင်ရာ ဘာသာရပ်များတွင် ထည့်သွင်းသင်ကြားခြင်းဖြင့်သော်လည်းကောင်း၊ (သို့မဟုတ်) သီးခြားဘာသာရပ်အနေဖြင့် ပါဝင်သောအကြောင်းအရာအချို့ကို သင်ကြားခြင်းဖြင့်သော်လည်ကောင်း သင့်လျော်သောနည်းဖြင့် သင်ကြားနိုင်ရန် စီစဉ်ထားပါသည်။ ဒေသဆိုင်ရာသင်ရိုးတွင် ဖော်ပြထားသော အဓိက သင်ယူမှု အကြောင်းအရာများမှာ တိုင်းရင်းသား ဘာသာစကားများ၊ သမိုင်း၊ ရိုးရာဓလေ့ နှင့် ယဉ်ကျေးမှုများ၊ နှင့် စိုက်ပျိုးရေး အပါအဝင် ဒေသဆိုင်ရာ စီးပွားရေး နှင့် လုပ်ငန်းများ ပါဝင်သည်။ တိုင်းရင်းသား ဘာသာစကား နှင့် မတူညီသော ယဉ်ကျေးမှုများကို မြှင့်တင်မှုများ ရရှိရန် ဒေသဆိုင်ရာ သင်ရိုး ရေးဆွဲမှုသည် သင်ကြားသင်ယူမှုတွင် မိမိ၏ မိခင်ဘာသာစကားကို အသုံးပြုပြီး အကြောင်းအရာများကို ဒေသအလိုက် လိုက်လျောညီထွေစွာ အသုံးပြုနိုင်ခြင်း၊ သင်ယူသူနှင့် ပိုမိုကိုက်ညီသော သင်ယူမှုများ ပြုလုပ်နိုင်ခြင်း၊ သင်ယူမှုကို အောင်မြင်စေရန် မြန်မာကလေးများအားလုံး၏ မိမိကိုယ်တိုင် သဘောထားခံယူချက်များကို မြှင့်တင်ပေးနိုင်ခြင်း နှင့် မိမိ၏ ယဉ်ကျေးမှုကို လေးစာမှု၊ နားလည်သဘောပေါက်မှုများ ကို မြှင့်တင်ပေးနိုင်ခြင်း စသည့် အခွင့်အလမ်းများ ရရှိမည် ဖြစ်သည်။

ထိုရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက် ဤဘာသာရပ်တွင် ကျောင်းသားများကို ၎င်းတို့ သင်ကြားမည့် မူလတန်းကျောင်းသားများ၏ ဘက်စုံတိုးတက်မှုကို ကူညီဆောင်ရွက်ပေးနိုင်မည့် လိုအပ်သော စွမ်းရည်များ တိုးတက်လာစေရန် ပံ့ဖော်ပေးမည်ဖြစ်သည်။ ဤဘာသာရပ် သင်ယူပြီးမြောက်ပါက ကျောင်းသားများသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတများ၊ သင်ကြားသင်ယူမှု ဖြစ်စဉ်များ နှင့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ စသည့် ကျွမ်းကျင်မှုများ ရရှိမည် ဖြစ်သည်။ ထိုကျွမ်းကျင်မှုများသည် ၎င်းတို့၏ မူလတန်းကျောင်းသားများကို ဒေသဆိုင်ရာသင်ရိုး ဘာသာရပ်အတွက် ချမှတ်ထားသော သင်ယူမှုဦးတည်ချက်များကို ပေါက်မြောက်အောင် သင်ကြားနိုင်ရန် ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

[3] ပညာရေး ဝန်ကြီးဌာန သည် ဒေသဆိုင်ရာသင်ရိုး လမ်းညွှန်မှုများ ပေးထားပြီး ဒေသအလိုက် လိုအပ်ချက် အပေါ်တွင် အခြေခံပြီး ဒေသဆိုင်ရာ သင်ရိုးကို ရေးဆွဲနိုင်ရန် တိုင်းအစိုးရကို ဖြန့်ဝေပြီး ဖြစ်သည်။ ဝန်ကြီး ဌာန၏ လမ်းညွှန်မှုနှင့် အတူ အမျိုးသား သင်ရိုးညွှန်းတမ်း အဖွဲ့သည် အမျိုးသားပညာရေး အညွှန်းဘောင် နှင့် ဒေသဆိုင်ရာ သင်ရိုး ဖွံ့ဖြိုးမှု အကြား လိုက်လျောညီထွေစွာ ချဉ်းကပ်မှုများ ရှိကြောင်း သေချာစေရန် လိုအပ်သော နည်းပညာပိုင်း အထောက်အပံ့များ ပေးမည် ဖြစ်သည်။

***ဒေသဆိုင်ရာသင်ရိုး ဘာသာရပ်တွင် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှုရလဒ်များ***

- အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင် နှင့် သင်ယူမှု အရင်းအမြစ်များ နှင့် ကိုက်ညီသော ဒေသဆိုင်ရာ သင်ရိုး ဘာသာရပ်ကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ထိုအကြောင်းအရာများကို ကျောင်းသားများ၏ ကျွမ်းကျင်မှုများ အတန်းလိုက် ဖွံ့ဖြိုးတိုးတက်လာသည် နှင့် လျော်ညီစွာ အသုံးချတတ်စေရန်။
- အောက်ဖော်ပြပါ ဒေသဆိုင်ရာ သင်ရိုး ဘာသာရပ်၏ သင်ယူမှုရည်ရွယ်ချက်များ ပေါက်မြောက်စေရန် နှင့် ကျောင်းသားများ၏ သင်ယူမှုဖြစ်စဉ်များတွင် ထိရောက်စွာ ကူညီထောက်ပံ့ပေးနိုင်ရန် အတွက် ဒေသဆိုင်ရာသင်ရိုး ကို လေ့ကျင့်သင်ကြားစဉ် ရရှိခဲ့သောကျွမ်းကျင်မှုများကို အသုံးချနိုင်ရန်။

***ဒေသဆိုင်ရာသင်ရိုး ဘာသာရပ်တွင် မူလတန်းကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှု ဦးတည်ချက်များ***

- [မူလတန်းအဆင့် သင်ရိုးမာတိကာ ကို ရရှိပါက ထည့်သွင်းရန်]

***ဒေသဆိုင်ရာသင်ရိုး ဘာသာရပ်တွင် အလယ်တန်းကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှု ဦးတည်ချက်များ***

- [အလယ်တန်းအဆင့် သင်ရိုးမာတိကာ ကို ရရှိပါက ထည့်သွင်းရန်]

## ၂။ ဘာသာရပ် ဖော်ပြချက်

ဤဘာသာရပ်သည် မြန်မာနိုင်ငံ၏ အနာဂတ် နိုင်ငံသားကောင်းများ လူ့ဘောင်အဖွဲ့အစည်းများကို ဖန်တီးမြှင့်တင်ပေးနိုင်သည့် အခြေခံပညာ သင်ရိုးညွှန်းတမ်း၏ တန်ဖိုးထားမှု နှင့် သဘောထားများကို နမူနာယူပြီး ကျောင်းသားများကို ဒေသဆိုင်ရာ သင်ရိုး ဘာသာရပ် သင်ကြားနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများကို မြှင့်တင်ပေးမည်ဖြစ်သည်။ ကျောင်းသားများသည် အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်တွင် ဒေသဆိုင်ရာသင်ရိုး၏ ရပ်တည်မှုကို ကျွမ်းကျင်စွာ နားလည်ရန်၊ မြန်မာနိုင်ငံ၏ ကလေးများ အားလုံးအတွက် အားလုံးပါဝင်နိုင်သော သင်ယူမှုပန်းကျင် ကို ဖန်တီးပေးရန် နှင့် ဒေသဆိုင်ရာလိုအပ်ချက်များ အပေါ်မူတည်ပြီး ဤသင်ရိုးကို

မည်သို့ ရေးဆွဲရမည်ကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ ကျောင်းသားများသည် တိုင်းရင်းသား ဘာသာစကားများ၊ သမိုင်း၊ ရိုးရာဓလေ့ နှင့် ယဉ်ကျေးမှုများ၊ နှင့် စိုက်ပျိုးရေး အပါအဝင် ဒေသဆိုင်ရာ စီးပွားရေး နှင့် လုပ်ငန်းများ စသည့် ဒေသဆိုင်ရာသင်ရိုးတွင် သတ်မှတ်ထားသော အကြောင်းအရာများစွာကို သင်ယူရရှိမည်။ ထိုကျောင်းသားများသည် မြန်မာ့ဒေသဆိုင်ရာအခြေအနေ၏ ပညာရေး နှင့် ကိုက်ညီသော၊ ကျောင်းသားများ၏ သင်ယူခြင်းဆိုင်ရာ တိုးတက်မှုကို အထောက်အကူပြုသော၊ မတူကွဲပြားသောယဉ်ကျေးမှုကိုလေးစားခြင်း နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု စသော ဒေသဆိုင်ရာသင်ရိုး၏ ရည်ရွယ်ချက် နှင့် အရေးပါမှုများကို နက်နက်နဲနဲ နားလည်သဘောပေါက်မည် ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်အရ ပထမနှစ် နှင့် ဒုတိယနှစ် တွင် ကျောင်းသားများကို ဒေသဆိုင်ရာ သင်ရိုး၏ အခြေခံဗဟုသုတများ နှင့် ဒေသဆိုင်ရာသင်ရိုး ဘာသာသင်ကြားနိုင်ရန် အခြေခံ သင်ကြားနည်း အကြောင်းအရာ ဗဟုသုတများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ တတိယနှစ် နှင့် စတုတ္ထနှစ် တွင် ကျောင်းသားများသည် ဒေသဆိုင်ရာ သင်ရိုး ဘာသာရပ် အကြောင်းအရာဗဟုသုတများကို ပိုမိုနက်နက်နဲနဲ သိရှိရန် နှင့် မူလတန်း ဒေသဆိုင်ရာသင်ရိုးဘာသာရပ်၏ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားနည်းများနှင့် စစ်ဆေးအကဲဖြတ်မှုများကို စနစ်တကျ နားလည်သဘောပေါက်ရန် ရည်ရွယ်ပါသည်။

## ၃။ သင်ကြားမှုနည်းလမ်းများ

ဒေသဆိုင်ရာ သင်ရိုး၏ ရည်ရွယ်ချက်မှာ သင်ယူသူ၏ နေ့စဉ်ဘဝနှင့် ကိုက်ညီသော အကြောင်းအရာများကို သင်ယူခြင်းဖြင့် စာသင်ခန်းကို လက်တွေ့ဘဝနှင့် ချိတ်ဆက်ပေးရန် ဖြစ်သည်။ ကျောင်းသားများသည် လက်တွေ့လုပ်ဆောင်ပြီးသင်ယူခြင်း၊ ပူးပေါင်းသင်ယူခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ပြန်လည်တင်ပြခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ အချင်းချင်း သင်ယူခြင်း နှင့် မိမိကိုယ်ကို ပြန်လည် သုံးသပ်ခြင်း စသည့် သင်နည်းဗျူဟာ အမျိုးမျိုးဖြင့် သင်ယူရမည် ဖြစ်ပြီး ထိုသင်နည်းများကို မိမိတို့ပြန်လည်သင်ကြားမည့် စာသင်ခန်းတွင် အသုံးချနိုင်မည် ဖြစ်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းများကို သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အတွင်း သင်ယူနေစဉ် နှင့် သင်ယူပြီးကာလတွင် အသုံးပြုမည် ဖြစ်သည်။ ထိုစစ်ဆေးအကဲဖြတ်မှုများကို သင်ပြမှုပုံစံများ ရေးဆွဲခြင်း၊ သင်ခန်းစာများကို သင်ကြားလေ့ကျင့်ခြင်း၊ ဗီဒီယို သင်ခန်းစာများ ဆွေးနွေးခြင်း နှင့် မိမိကိုယ်တိုင်၊အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း စသည့် လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။ ကျောင်းသုံးစာအုပ်များ၊ လုပ်ငန်းပေး စာရွက်များ နှင့် online မှ အရင်းအမြစ်များ စသည့် အမျိုးမျိုးသော သင်ကြားသင်ယူမှု အရင်းအမြစ်များကို အသုံးပြုပြီး သင်ယူမှုဖြစ်စဉ်များကို

မြှင့်တင်သွားမည် ဖြစ်သည်။ ထို့အပြင် ဒေသဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ခေါင်းဆောင်များကို စာသင်ခန်းတွင် ဖိတ်ကြားခြင်း၊ ဒေသလိုက် စီးပွားရေးလုပ်ငန်းများသို့ သွားရောက်ခြင်း၊ တိုင်း၊ဒေသ၏ အထင်ကရ နေရာများ နှင့် သမိုင်းဝင် အမွေအနှစ်နေရာများ သို့ သွားရောက်လေ့လာခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများ၏ သင်ယူမှုနှင့် ပိုမိုကိုက်ညီအောင် အထောက်အကူပြုမည် ဖြစ်သည်။ ထိုသင်ကြားသင်ယူမှု နည်းလမ်းများ နှင့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများသည် မူလတန်းကျောင်းသားများ၏ မတူညီသော လိုအပ်ချက်များ ဖြစ်သည့် ပင်ကိုစွမ်းရည်ရှိသူများ၊ အထူးအကူအညီလိုအပ်သူများ၊ စကားနည်းသူများ (သို့) အရှက်အကြောက်ကြီးသူများ၊ ကျား-မ ကွဲပြားခြားနားမှုများ၊ တိုင်းရင်းသားလူမျိုးများ၊ ဘာသာရေးကွဲပြားမှုများ၊ အရင်းအမြစ်မလုံလောက်မှု၊ ဘာသာစကားမတူသူများ စသည့် အချက်များကို ပြန်လည်သုံးသပ်နိုင်သည့် အခွင့်အလမ်းများ ပေးမည်ဖြစ်ပြီး ကျောင်းသားတစ်ဦးချင်းစီ၏ သင်ယူမှုလိုအပ်ချက်များကို သီးခြားနားလည်သဘောပေါက်စေမည် ဖြစ်သည်။

## ၄။ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်များ[4]

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် မူကြမ်းမှ ဒေသဆိုင်ရာသင်ရိုး ဘာသာရပ်နှင့် ကိုက်ညီသော အဓိက တတ်ကျွမ်းမှုများကို ဖော်ပြထားခြင်း ဖြစ်သည်။ ကျောင်းသားများ သိရှိထားသင့်သည့် ယေဘုယျ အကြောင်းအရာများ နှင့် ဤအတန်းပြီးဆုံးပါက အဆင်သင့်ဖြစ်သော ဆရာများ ဖြစ်လာစေနိုင်သည့် အကြောင်းအရာများကို ဤတတ်ကျွမ်းမှုစံသတ်မှတ်ချက်များမှ လမ်းညွှန်ပေးမည် ဖြစ်သည်။

ဒေသဆိုင်ရာ သင်ရိုး ဘာသာရပ်တွင် ကျောင်းသားများသည် **"ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်"**၏ နယ်ပယ် ၃ ခုတွင် ဖော်ပြထားသော တတ်ကျွမ်းမှုများကိုသင်ယူရရှိကြောင်း ပြသရမည် ဖြစ်သည်။ ၎င်းနယ်ပယ်များမှာ -

- ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု
- ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ
- ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ

[4] ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက်၊ မူကြမ်း ၃.၂၊ စာမျက်နှာ ၅၂ - ၆၂

အောက်ဖော်ပြပါ ယေဘုယျတတ်ကျွမ်းမှုစံသတ်မှတ်ချက်များသည် ဒေသဆိုင်ရာသင်ရိုးဘာသာရပ်၏ အခန်းများ(strands)တွင် ပါရှိသည့် မျှော်မှန်းထားသောသင်ယူမှုရလဒ်များ နှင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။

| တတ်ကျွမ်းမှုစံ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၁) ကျောင်းသားများ မည်သို့သင်ယူသည်ကို သိသည်။** | (က)(၁.၁) ကျောင်းသားများ၏အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့်လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ဆိုသည်ကို နားလည် သဘောပေါက်ကြောင်းပြသသည်။ | (က)(၁.၁.၁) သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှု ဆိုင်ရာဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြ သည်။<br>(က)(၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုး မှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ် ရှားခံစားမှုဆိုင်ရာဖွံ့ဖြိုးမှုများအရ သင်ယူမှု လုပ်ငန်းများကို ပြင်ဆင်သည်။ |
| **(ခ-၃)<br>ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံ စိတ်ချမှု ရှိသော** | (ခ)(၃-၁)<br>ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှု ရှိပြီး ထိရောက်မှုရှိသော သင်ယူမှု ပတ်ဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၃.၁.၁)<br>သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားအားလုံး ပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေးအတွက် စာသင်ခန်းနေရာ အနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြုသည်။ |

| | | |
|---|---|---|
| **သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။** | (ခ)(၃-၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံးနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ)(၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိရန် သဘောတူချမှတ်ထားသော စာသင်ခန်းအတွင်း စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာ ဆောင်ရွက်ရန် ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။<br>(ခ)(၃.၂.၂) ကျောင်းသားများအားတစ်ဦး နှင့်တစ်ဦး အပြန်အလှန် လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန်အားပေးသည်။<br>(ခ)(၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံအကြောင်း အရင်းများ နှင့်  လိုအပ်ချက်များကို သိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန် အပြန်အလှန်ဆက်သွယ်ပြောဆိုသည်။<br>(ခ)(၃.၂.၄) ပူးပေါင်းဆောင်ရွက်မှုဖြစ်စေသောအသင်း အဖွဲ့ဖြင့်ဆောင်ရွက်ခြင်းအားဖြင့်သော်လည်းကောင်း၊ လွတ်လပ်စွာသင်ယူခြင်းအားဖြင့်သော်လည်းကောင်း ကျောင်းသားများ၏ ကောင်းစွာ ညှိယူနေထိုင်တတ်သည့် အပြုအမူများကို အားပေးသည်။ |
| **(ဂ-၁) ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း** | (ဂ)(၁-၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများ သည် ကျောင်းလုပ်ငန်းများတွင် | (ဂ)(၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။ |

| | | |
|---|---|---|
| **အတွက် အကျိုးပြုတာဝန်ထမ်း ဆောင်သည်။** | ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအပေါ် အကျိုးသက်ရောက်မှု ရှိကြောင်းကို နားလည်သဘော ပေါက်ကြောင်း ပြသသည်။ | |

## ၅။ နှစ်အလိုက် ဘာသာရပ်အကြောင်းအရာများ နှင့် နယ်ပယ်များ[5]

ဤအပိုင်းတွင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (၂၀၁၈) မှ မော်ဂျူး (၂-၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းကို သင်ကြားခြင်း နှင့် မော်ဂျူး (၂-၂) သင်ကြားမှုအား ကျွမ်းကျင်ခြင်း တွင် ဖော်ပြထားသော လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် အစီအစဉ်၏ မူလတန်းသင်ကြားရေးအထူးပြုလမ်းကြောင်းကို ရွေးချယ်သူများ အတွက် ဒေသဆိုင်ရာသင်ရိုး ဘာသာရပ်တွင် သင်ကြားရမည့် အကြောင်းအရာများ နှင့် ကျွမ်းကျင်မှုများကို ခြုံငုံပြီး ဖော်ပြထားခြင်း ဖြစ်သည်။

| အခန်းများ (Strands) | အခန်းငယ်များ (Sub-strands) | မော်ဂျူး (၂-၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းအား သင်ကြားခြင်း | | မော်ဂျူး (၂-၂) သင်ကြားရေး ကျွမ်းကျင်ခြင်း | |
|---|---|---|---|---|---|
| | | အခြေခံ စာသင်နှစ်များ | | မူလတန်းသင်ကြားရေး အထူးပြု | |
| | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် |
| | | ***မူလတန်း****ကျောင်းအဆင့်တွင် သင်ကြားနိုင်ရန် သင်ယူခြင်း* | ***အလယ်တန်း*** *ကျောင်းအဆင့် တွင် သ သင်ကြားနိုင်ရန် သင်ယူခြင်း* | *မူလတန်း နှင့် အလယ်တန်းအဆင့် နှင့် ကိုက်ညီသော စာပေစံသတ်မှတ်ချက်များပါဝင်သည့်* ***မူလတန်းကျောင်းအဆင့်*** *သင်ကြားရေး အထူးပြု* | |
| | | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ | ကျောင်းသားများသည် အောက်ဖော်ပြပါ တို့ ကို ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ |

[5] ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ သင်ယူမှုရလဒ်များသည် အတည်ပြုထားခြင်းမရှိသေးပဲ ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိပါသေးသည်။

| | | | | | |
|---|---|---|---|---|---|
| ဒေသဆိုင် ရာ သင်ရိုးအား မိတ်ဆက် ခြင်း | ဒေသဆိုင်ရာ သင်ရိုး ဆိုသည်မှာ အဘယ်နည်း | • ဒေသဆိုင်ရာ သင်ရိုး၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ရှင်းပြနိုင်ရန်။<br>• ရိုးရာ၊ ယဉ်ကျေးမှု၊ ဘာသာစကား နှင့် တိုင်းရင်းသားများနှင့် သက်ဆိုင်သော မိမိတို့၏ ကိုယ်ပိုင် အတွေ့အကြုံများကို အခြေခံပြီး မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်အလိုက် မတူညီသော အရာများအပေါ် နားလည်သဘောပေါက်မှုကို ဖော်ထုတ်နိုင်ရန်။<br>• ဒေသဆိုင်ရာသင်ရိုး သင်ကြားခြင်း၏ အရေးပါမှုကို ဥပမာများဖြင့် ဖော်ပြနိုင်ရန်။ | • ဒေသဆိုင်ရာ သင်ရိုး အဓိပ္ပါယ်သတ်မှတ်ချက် နှင့် အဘယ်ကြောင့် အလယ်တန်း ကျောင်းအဆင့်တွင် သင်ကြားရသည်ကို ရှင်းပြနိုင်ရန်။ | • ဒေသဆိုင်ရာ သင်ရိုး မှ မူလတန်း ကျောင်းသား များ သင်ယူရမည့် ကျွမ်းကျင်မှုများ နှင့်ထိုကျွမ်းကျင်မှု များသည် ကျောင်းသားများ အပေါ် အကျိုး သက်ရောက်မှု ကို ခွဲခြမ်းစိတ်ဖြာ နိုင်ရန်။ | • ကျောင်းသားများ နှင့် မိဘများကို မျှဝေရန်အတွက် ဒေသဆိုင်ရာ သင်ရိုး သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ယေဘုယျခြုံငုံပြီး မြင်သာအောင် ဖန်တီးနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | အခြေခံပ<br>ပညာရေးတွင်<br>ဒေသဆိုင်ရာ<br>သင်ရိုး<br>အကြောင်းအ<br>အရာများ<br>- | • မူလတန်းကျောင်းတွင် ဒေသဆိုင်ရာ သင်ရိုးတွင် ပါဝင်သော မတူညီသော အကြောင်းအရာများကို စာရင်းပြုစုနိုင်ရန် နှင့် ဖော်ပြနိုင်ရန်။<br>• ဒေသဆိုင်ရာ သင်ရိုး၏ နိုင်ငံတကာ စာပေများကို စူးစမ်းလေ့လာပြီး မူလတန်းကျောင်းသားများ၏ သင်ယူမှုကို ဒေသလူထုများအတွက် ကိုက်ညီသော သင်ရိုးဖြစ်စေရန် မည်သို့ ရေးဆွဲရမည်ကို ရှင်းပြနိုင်ရန်။<br>• ဒေသဆိုင်ရာ သင်ရိုး၏ အဓိပ္ပါယ်ကို ပြန်လည် ဖွင့်ဆိုပြီး ဘာသာရပ်အပေါ်တွင် နားလည် သဘောပေါက်မှုကို ဖော်ထုတ်ရန်။ | • | • | • |

| | | | | | |
|---|---|---|---|---|---|
| တိုင်းရင်း သား ဘာသာ စကား နှင့် ယဉ်ကျေးမှု | တိုင်းရင်းသား ဘာသာစကား နှင့် ယဉ်ကျေးမှု ကို သင်ယူခြင်း | • ဘာသာစကားတစ်မျိုး တည်းသုံးသော ပညာရေး၏ ကန့်သတ်ချက်ကို ရှင်းပြတတ်ရန်။<br>• သင်ကြားရာတွင် အသုံးပြုသည့် ဘာသာစကားကို မိခင်ဘာသာစကားဖြင့် အသုံးပြုမှု၏ အကျိုးသက်ရောက်မှုကို နိုင်ငံတကာစာပေများတွင် စူးစမ်းရှာဖွေရန်။ | • အလယ်တန်း ကျောင်းသားများအတွက် တိုင်းနှင့်ပြည်နယ် နှင့် ကိုက်ညီသော တိုင်းရင်းသား ဘာသာစကား နှင့် ယဉ်ကျေးမှု ၏ သင်ကြားရမည့် အကြောင်းအရာများကို ရှင်းပြနိုင်ရန်။ | • တိုင်းရင်းသား ဘာသာစကား နှင့် ယဉ်ကျေးမှု သင်ကြားခြင်းအ တွက် မူလတန်း ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်များ ၏ သင်ယူမှု လုပ်ငန်းများနှင့် ရည်ရွယ်ချက်များ ကို စစ်ဆေး အကဲဖြတ်နိုင်ရန်။ | • တိုင်းရင်းသား ဘာသာစကား နှင့် ယဉ်ကျေးမှု သင်ကြားရာတွင် နောက်ခံ မတူညီသော မူလ တန်း ကျောင်းသား များအတွက် မူလတန်းကျော င်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်များ ၏ ထပ်လောင်း သင်ယူမှုလုပ်ငန်းများ ကိုပုံဖော်ရေးဆွဲ နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | ကျောင်းသား<br>များ၏<br>သင်ယူမှုကို<br>မည်သို့<br>အထောက်အ<br>ပံ့ပေးမည်နည်း။ | • တိုင်းရင်းသား<br>ဘာသာစကား နှင့်<br>ယဉ်ကျေးမှု သ<br>သင်ယူရာတွင်<br>မူလတန်းကျောင်းသားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများ နှင့်<br>ထိုအခက်အခဲများကို<br>ဆရာများအနေဖြင့် မ<br>မည်သို့ ကူညီရမည်ကို<br>ဆွေးနွေးနိုင်ရန်။<br>• ကျောင်း နှင့် စာသင်ခန်း<br>အဆင့်တွင်<br>တိုင်းရင်းသားဘာသာစကား<br>သင် ဆရာဆရာမများ နှင့်<br>ပူးပေါင်းဆောင်ရွက်မှု၏<br>အရေးပါမှုကို ရှင်းပြနိုင်ရန်။ | • တိုင်းရင်းသား<br>ဘာသာစကား နှင့်<br>ယဉ်ကျေးမှု သ<br>သင်ယူရာတွင်<br>အလယ်တန်း<br>ကျောင်းသားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများ နှင့်<br>ထိုအခက်အခဲများကို<br>မည်သို့ ကူညီရမည်ကို<br>ဆွေးနွေးနိုင်ရန်။ | • မတူညီသော<br>နောက်ခံရှိသော<br>မူလတန်း<br>ကျောင်းသားများ<br>တိုင်းရင်းသား<br>ဘာသာစကား နှင့်<br>ယဉ်ကျေးမှု<br>သင်ယူရာတွင်<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများကို<br>ဥပမာများဖြင့်<br>ပြောကြားနိုင်ရန်<br>ရန် နှင့်<br>ထိုအခက်အခဲများ<br>ကို ကူညီနိုင်မည့်<br>နည်းဗျူဟာများကို အ<br>အကြံပြုနိုင်ရန်။ | • တိုင်းရင်းသား<br>ဘာသာစကား နှင့်<br>ယဉ်ကျေးမှု သ<br>သင်ကြားရာတွင်<br>မတူညီသော<br>ကျောင်းသား<br>များ၏ စွမ်းရည် အ<br>အဆင့်များကို<br>ကူညီထောက်ပံ့<br>ပေးနိုင်မည့်<br>သင်ယူမှု<br>လုပ်ငန်းများ<br>ပါဝင်သော သ<br>သင်ခန်းစာ<br>ပြင်ဆင်မှုများကို<br>ပုံဖော်ရေးဆွဲနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| စိုက်ပျိုးရေး | အပင်များ နှင့် မျိုးစေ့များ | • မူလတန်းကျောင်းသားများ အား သင်ကြားမည့် စိုက်ပျိုးရေး ပညာ၏ အခြေခံ အသိပညာ နှင့် ဗဟုသုတကို ရှင်းပြနိုင်ရန်။<br>• အခြေခံ စိုက်ပျိုးရေး သိပ္ပံ နှင့် အပင်များ မျိုးပွားခြင်း နည်းလမ်းများ ၏ လက်တွေ့ကျွမ်းကျင်မှု များကို သရုပ်ပြ ဖော်ထုတ်နိုင်ရန်။<br>• အပင်များ၏ အရေးပါမှုကို ရှင်းပြနိုင်ရန် နှင့် မတူညီသော အပင်များကို အမျိုးအစား ခွဲခြားနိုင်ရန်။ | • အလယ်တန်းကျောင်းသား သားများ အား သင်ကြားခြင်း အတွက် တိုင်းနှင့် ပြည်နယ် နှင့် ကိုက်ညီသော စိုက်ပျိုးရေး အကြောင်း အရာများကို ရှင်းပြနိုင်ရန်။ | • စိုက်ပျိုးရေး သင်ကြားခြင်း အတွက် မူလတန်း ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်များ ၏ သင်ယူမှု လုပ်ငန်းများနှင့် ရည်ရွယ်ချက်များ ကို စစ်ဆေး အကဲဖြတ်နိုင်ရန်။ | • စိုက်ပျိုးရေး သ သင်ကြားရာတွင် နောက်ခံ မ မတူညီသော မူလတ တန်း ကျောင်းသား များအတွက် မူလတန်း ကျောင်းသုံး စာအုပ် နှင့် ဆရာလမ်းညွှန်များ ၏ထပ်လောင်း သင်ယူမှုလုပ်ငန်း များကို ပုံဖော် ရေးဆွဲနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | • မူလတန်းကျောင်းသားများကို မျိုးစေ့များ၊ မျိုးစေ့ အညှောက် ပေါက်ခြင်းများ၊ အပင်များ သင်ကြားခြင်း၏ အခြေခံကျွမ်းကျင်မှုများကို ဖော်ထုတ်နိုင်ရန်။ | • အလယ်တန်း ကျောင်းများတွင် သင်ကြားမည့် စိုက်ပျိုးရေး၏ အခြေခံကျွမ်းကျင်မှု များကို ဖော်ထုတ်နိုင်ရန်။<br>• စိုက်ပျိုးရေး သ သင်ယူရာတွင် အလယ်တန်းကျောင်းသား သားများ ကြုံတွေ့နိုင်သော အခက်အခဲများ နှင့် ထိုအခက်အခဲများကို မည်သို့ ကူညီရမည်ကို ဆွေးနွေးနိုင်ရန်။ | • တိုင်းနှင့်ပြည်နယ် နှင့် ကိုက်ညီစွာ မူလ မူလတန်းကျောင်း များတွင် စိုက်ပျိုးရေး သ သင်ကြားရာ၌ မိမိတို့၏ တိုးတက်ရန် လိုအပ်သော က ကျွမ်းကျင်မှုများကို အ အကဲဖြတ်နိုင်ရန်။<br>• မတူညီသော နောက်ခံရှိသော မူလတန်း ကျောင်းသား များ စိုက်ပျိုးရေး သင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများကို ဥပမာများဖြင့် ဖော်ပြနိုင်ရန် နှင့် ထိုအခက်အခဲများ ကို ကူညီနိုင်မည့် | • တိုင်းနှင့် ပြည်နယ် အလိုက် ရေးဆွဲမည့် ဒေသဆိုင်ရာ သင်ရိုးမှ စိုက်ပျိုးရေး ကို သင်ကြားရန်အတွက် မိမိတို့တိုးတက်ရန် လိုအပ်သော က ကျွမ်းကျင်မှုများကို အ အစီအစဉ်များ ရေး းဆွဲနိုင်ရန်။<br>• စိုက်ပျိုးရေး သ သင်ကြားရာတွင် မတူညီသော ကျောင်းသားများ၏ စွမ်းရည် အ အဆင့်များကို ကူညီထောက်ပံ့ ပေးနိုင်မည့် သင်ယူမှုလုပ်ငန်းများ ပါဝင်သော သ သင်ခန်းစာ ပြင်ဆင်မှုများကို |

| | | | | | |
|---|---|---|---|---|---|
| | | | | နည်းဗျူဟာများကို အကြံပြုနိုင်ရန်။ | ပုံဖော်ရေးဆွဲနိုင်ရန်။ |
| | မြေကြီး နှင့် မြေသြဇာ | • မြေကြီး၊ မြေကြီး ၏ အခြေခံ အမျိုးအစားများ နှင့် မြေကြီး၏ အယ်(လ်)ကာလီပါဝင်မှု၏ အရေးပါမှုကို သတ်မှတ်နိုင်ရန်။<br>• အပင်များ၏ အာဟာရများ၊ မတူညီသော ဓာတ်မြေသြဇာ နှင့် အသုံးချမှု နည်းလမ်းများကို ရှင်းပြနိုင်ရန်။ | • | • | • |

| | | | | | |
|---|---|---|---|---|---|
| | အပင် မျိုးပွားခြင်း | • အကိုင်းဖြတ်ခြင်းဖြင့် အပင်မျိုးပွားခြင်း ၏အဓိပ္ပါယ် နှင့် အကိုင်းဖြတ်ခြင်း နည်းလမ်းဖြင့် အချို့သော အပင်များကို မည်သို့ မျိုးပွားနိုင်ကြောင်း ရှင်းပြနိုင်ရန်။<br>• အပင် မျိုးပွားခြင်း ဆိုသည်မှာ အဘယ်နည်း နှင့် အချို့သော အပင်များကို လေဖြင့် အထပ်ထပ်ပြုလုပ်ထားသသည့် နည်းလမ်းဖြင့် မည်သို့ မျိုးပွားနိုင်သည်ကို ရှင်းပြနိုင်ရန်။ | • | • | • |

| | | | | | |
|---|---|---|---|---|---|
| | ပိုးမွှား တိရစ္ဆာန်များ၊ ရောဂါ များနှင့် ထိန်းသိမ်း စောင့်ရှောက် ရမည့် န နည်းလမ်းများ | • ပိုးမွှားများ၏ သဘောသဘာဝ၊ ကောက်ပဲသီးနှံများ ကို ဖျက်ဆီးမှု နှင့် ထိန်းချုပ်ရမည့် နည်းလမ်းများကို မှတ်သားနိုင်ရန်။<br>• အပင် ရောဂါများ နှင့် ထိန်းချုပ်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်ရန်။ | • | • | • |
| | စိမ်းစိုသော ကျောင်း ဥယျာဉ် | • စိမ်းစိုလှပသော ကျောင်းနယ်မြေအား မည်သို့ဖန်တီးရမည်ကို ရှင်းပြနိုင်ရန်။<br>• ရေရှည်ဖွံ့ဖြိုးတိုးတက်မှု နှင့် ဒေသအဖွဲ့အစည်း၏ လူနေမှုပုံစံ များ အတွက် စီးပွားဖြစ်အစပျိုးနိုင်သော ဒေသဆိုင်ရာ ထုတ်ကုန်များကို ရှာဖွေဖော်ထုတ် နိုင်ရန်။ | • | • | • |

| | | | | | |
|---|---|---|---|---|---|
| သက်မွေး လုပ်ငန်း ကျွမ်းကျင်မှု | သက်မွေး လုပ်ငန်း ကျွမ်းကျင်မှု ကို သင်ယူခြင်း | • တိုင်းနှင့် ပြည်နယ် နှင့် ကိုက်ညီစွာ မူလတန်းကျောင်းသားများ အတွက် လက်မှုအနုပညာ၊ စီးပွားဖြစ် ပစ္စည်းများ ထုတ်သည့်လုပ်ငန်း နှင့် အသေးစား၊ အလယ်အလတ်တန်းစား လုပ်ငန်းများ စသည့်သက်မွေးလုပ်ငန်း ကျွမ်းကျင်မှုများ နှင့် ဆိုင်သော အကြောင်းအရာများကို ရှင်းပြနိုင်ရန်။ | • တိုင်းနှင့် ပြည်နယ် နှင့် ကိုက်ညီစွာ အလယ်တန်း ကျောင်းသားများ အတွက် လက်မှုအနုပညာ၊ စီးပွားဖြစ် ပစ္စည်းများ ထုတ်သည့် လုပ်ငန်း နှင့် အသေးစား ၊အလယ်အလတ်တန်းစား လုပ်ငန်းများ စသည့် သက်မွေးလုပ်ငန်း ကျွမ်းကျင်မှုများ နှင့် ဆိုင်သော အကြောင်းအရာများကို ရှင်းပြနိုင်ရန်။ | • သက်မွေး လုပ်ငန်း ကျွမ်းကျင်မှု သင်ကြားခြင်းအတွက် မူလတန်း ကျောင်းသုံးစာအုပ် နှင့် ဆရာလမ်းညွှန်များ၏ သင်ယူမှု လုပ်ငန်းများနှင့် ရည်ရွယ်ချက်များ ကို စစ်ဆေး အကဲဖြတ်နိုင်ရန်။ | • သက်မွေး လုပ်ငန်း သင်ကြားရာတွင် နောက်ခံ မတူညီသော မူလ တန်း ကျောင်းသား များအတွက် မူလတန်းကျောင်း သုံးစာအုပ် နှင့် ဆရာလမ်းညွှန်များ ၏ ထပ်လောင်း သင်ယူမှု လုပ်ငန်းများကို ပုံဖော် ရေးဆွဲနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | သက်မွေးလုပ်ငန်း က ကျွမ်းကျင်မှု အား သင်ကြားခြင်း | • အခြေခံ သက်မွေးလုပ်ငန်း ကျွမ်းကျင်မှုများကို ဖော်ပြတတ်ရန်။<br>• သက်မွေးလုပ်ငန်း ကျွမ်းကျင်မှုများ သသင်ယူရာတွင် မူလတန်းကျောင်းသားများ ကြုံတွေ့နိုင်သော အခက်အခဲများ နှင့် ထိုအခက်အခဲများကို မည်သို့ ကူညီရမည်ကို ဆွေးနွေးနိုင်ရန်။ | • အလယ်တန်းကျောင်းများတွင် သင်ကြားမည့် အခြေခံ သက်မွေးလုပ်ငန်း ကျွမ်းကျင်မှု များကို ဖော်ထုတ်နိုင်ရန်။<br>• သက်မွေးလုပ်ငန်း ကျွမ်းကျင်မှုများ သသင်ယူရာတွင် အလယ်တန်းကျောင်းသားသားများ ကြုံတွေ့နိုင်သော အခက်အခဲများ နှင့် ထိုအခက်အခဲများကို မည်သို့ ကူညီရမည်ကို ဆွေး းနွေးနိုင်ရန်။ | • တိုင်းနှင့်ပြည်နယ် နှင့် ကိုက်ညီစွာ မူလမူလတန်းကျောင်းများတွင် သက်မွေးလုပ်ငန်း က ကျွမ်းကျင်မှု သသင်ကြားရာ၌ မိမိတို့၏ တိုးတက်ရန် လိုအပ်သော က ကျွမ်းကျင်မှုများကို အ အကဲဖြတ်နိုင်ရန်။<br>• မတူညီသော နောက်ခံရှိသော မူလတန်း ကျောင်းသားများ သက်မွေးလုပ်ငန်း ကျွမ်းကျင်မှု သင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများကို ဥပမာများဖြင့် ဖော်ပြနိုင်ရန် နှင့် | • တိုင်းနှင့် ပြည်နယ် အလိုက် ရေးဆွဲမည့် ဒေသဆိုင်ရာ သင်ရိုးမှ သက်မွေးလုပ်ငန်း က ကျွမ်းကျင်မှု ကို သသင်ကြားရန်အတွက် မိမိတို့တိုးတက်ရန် လိုအပ်သော က ကျွမ်းကျင်မှုများကို အ အစီအစဉ်များ ရေးဆွဲနိုင်ရန်။<br>• သက်မွေး လုပ်ငန်း ကျွမ်းကျင်မှုအား သ သင်ကြားရာတွင် မတူညီသော ကျောင်းသားများ ၏ စွမ်းရည် အ အဆင့်များကို ကူညီထောက်ပံ့ ပေးနိုင်မည့် သင်ယူမှုလုပ်ငန်း |

| | | | | | |
|---|---|---|---|---|---|
| | | | | ထိုအခက်အခဲများကို ကူညီနိုင်မည့် နည်းဗျူဟာများကို အကြံပြုနိုင်ရန်။ | များ ပါဝင်သော သသင်ခန်းစာ ပြင်ဆင်မှုများကို ပုံဖော်ရေးဆွဲနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| အိမ်တွင်း<br>စီမံခန့်ခွဲမှု<br>ဆိုင်ရာ<br>ကျွမ်းကျင်<br>မှု | ချက်ပြုတ်ခြင်း | •တိုင်းနှင့် ပြည်နယ်<br>နှင့် ကိုက်ညီစွာ<br>မူလတန်းကျောင်းသားများ<br>အတွက် ချက်ပြုတ်ခြင်း<br>နှင့်<br>ဆိုင်သော အကြောင်းအရာ<br>ရာများကို ရှင်းပြနိုင်ရန်။<br>•မူလတန်းကျောင်းများတွင်<br>သင်ကြားမည့် အခြေခံ<br>ချက်ပြုတ်ခြင်း<br>ကျွမ်းကျင်မှုများကို<br>ဖော်ထုတ်နိုင်ရန်။<br>•ချက်ပြုတ်ခြင်း<br>ကျွမ်းကျင်မှုများ သ<br>သင်ယူရာတွင်<br>မူလတန်းကျောင်းသားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများ နှင့်<br>ထိုအခက်အခဲများကို မည်သို့<br>ကူညီရမည်ကို<br>ဆွေးနွေးနိုင်ရန်။ | •တိုင်းနှင့် ပြည်နယ်<br>နှင့်<br>ကိုက်ညီစွာ<br>အလယ်တန်း ကျောင်းသား<br>သားများအတွက်<br>ချက်ပြုတ်ခြင်း<br>အနုပညာ၊ စက်ချုပ်ခြင်း၊<br>သိုးမွေးထိုးခြင်း၊<br>ပွဲစဉ်များကို<br>တန်ဆာဆင်ခြင်း၊ အချိန်<br>စီမံခန့်ခွဲခြင်း စသ<br>စသည့် အိမ်တွင်း<br>စီမံခန့်ခွဲမှု စွမ်းရည်များ နှင့်<br>ဆိုင်သော<br>အကြောင်းအရာများကို<br>ရှင်းပြနိုင်ရန်။ | •အိမ်တွင်း စီမံခန့်ခွဲမှု<br>ဆိုင်ရာ ကျွမ်းကျင်မှု<br>သင်ကြားခြင်းအတွ<br>တွက် မူလတန်း<br>ကျောင်းသုံးစာအုပ်<br>နှင့်<br>ဆရာလမ်းညွှန်များ<br>၏ သင်ယူမှု<br>လုပ်ငန်းများနှင့်<br>ရည်ရွယ်ချက်များကို<br>စစ်ဆေး<br>အကဲဖြတ်နိုင်ရန်။ | •အိမ်တွင်း<br>စီမံခန့်ခွဲမှုဆိုင်ရာ<br>ကျွမ်းကျင်မှု သ<br>သင်ကြားရာတွင်<br>နောက်ခံ မ<br>မတူညီသော<br>မူလတန်း<br>ကျောင်းသားများ<br>အတွက်<br>မူလတန်းကျောင်း<br>သုံးစာအုပ်<br>နှင့်<br>ဆရာလမ်းညွှန်များ၏<br>၏ ထပ်လောင်း<br>သင်ယူမှုလုပ်ငန်းများ<br>ကို<br>ပုံဖော်ရေးဆွဲနိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | စက်ချုပ်ခြင်း၊<br>သိုးမွေးထိုး<br>ခြင်း၊ | • တိုင်းနှင့် ပြည်နယ်<br>နှင့် ကိုက်ညီစွာ မူလ<br>မူလတန်းကျောင်းသားများ<br>အတွက် စက်ချုပ်ခြင်း၊<br>သိုးမွေးထိုး ခြင်း<br>နှင့်<br>ဆိုင်သော အကြောင်းအရာ<br>ရာများကို ရှင်းပြနိုင်ရန်။<br>• မူလတန်းကျောင်းများတွင်<br>သင်ကြားမည့် စ<br>စက်ချုပ်ခြင်း၊ သိုးမွေးထိုး<br>ခြင်း ဆိုင်ရာ<br>ကျွမ်းကျင်မှုများကို<br>ဖော်ထုတ်နိုင်ရန်။<br>• စက်ချုပ်ခြင်း၊ သိုးမွေးထိုး<br>ခြင်း ဆိုင်ရာ<br>ကျွမ်းကျင်မှုများကို သ<br>သင်ယူရာတွင်<br>မူလတန်းကျောင်းသားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများ နှင့်<br>ထိုအခက်အခဲများကို | • အလယ်တန်းကျောင်း<br>များ တွင်<br>သင်ကြားမည့် အိမ်တွင်းစီ<br>စီမံခန့်ခွဲမှုဆိုင်ရာ<br>ကျွမ်းကျင်မှု များကို<br>ဖော်ထုတ်နိုင်ရန်။<br>• အိမ်တွင်း စီမံခန့်ခွဲခြင်းဆို<br>ဆိုင်ရာ ကျွမ်းကျင်မှုများ သ<br>သင်ယူရာတွင်<br>အလယ်တန်းကျောင်းသား<br>သားများ<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများ နှင့်<br>ထိုအခက်အခဲများကို<br>မည်သို့<br>ကူညီရမည်ကို ဆွေး<br>နွေးနိုင်ရန်။ | • တိုင်းနှင့်ပြည်နယ်<br>နှင့် ကိုက်ညီစွာ မူလ<br>မူလတန်းကျောင်း<br>များတွင်<br>အိမ်တွင်း<br>စီမံခန့်ခွဲမှုဆိုင်ရာ<br>ကျွမ်းကျင်မှု သ<br>သင်ကြားရာ၌<br>မိမိတို့၏<br>တိုးတက်ရန်<br>လိုအပ်သော က<br>ကျွမ်းကျင်မှုများကို<br>အကဲဖြတ်နိုင်ရန်။<br>• မတူညီသော<br>နောက်ခံရှိသော<br>မူလတန်း<br>ကျောင်းသားများ<br>အိမ်တွင်းစီမံခန့်ခွဲမှု<br>ဆိုင်ရာ<br>ကျွမ်းကျင်မှု<br>သင်ယူရာတွင်<br>ကြုံတွေ့နိုင်သော<br>အခက်အခဲများကို | • တိုင်းနှင့် ပြည်နယ်<br>အလိုက် ရေးဆွဲမည့်<br>ဒေသဆိုင်ရာသင်ရိုးမှ<br>အိမ်တွင်းစီမံခန့်ခွဲမှု<br>ဆိုင်ရာ<br>ကျွမ်းကျင်မှု ကို သ<br>သင်ကြားရန်အတွက်<br>မိမိတို့တိုးတက်ရန်<br>လိုအပ်သော က<br>ကျွမ်းကျင်မှုများကို အ<br>အစီအစဉ်များ<br>ရေးဆွဲနိုင်ရန်။<br>• အိမ်တွင်းစီမံခန့်ခွဲမှု<br>ဆိုင်ရာ<br>ကျွမ်းကျင်မှုအား သ<br>သင်ကြားရာတွင်<br>မတူညီသော<br>ကျောင်းသား<br>များ၏ စွမ်းရည် အ<br>အဆင့်များကို<br>ကူညီထောက်ပံ့<br>ပေးနိုင်မည့်<br>သင်ယူမှုလုပ်ငန်း |

| | | | | | |
|---|---|---|---|---|---|
| | | မည်သို့<br>ကူညီဖြေရှင်းရမည်ကို<br>ဆွေးနွေးနိုင်ရန်။ | | ဥပမာများဖြင့်<br>ဖော်ပြနိုင်ရန် နှင့်<br>ထိုအခက်အခဲများ<br>ကို ကူညီနိုင်မည့်<br>နည်းဗျူဟာများကို<br>အကြံပြုနိုင်ရန်။ | များ ပါဝင်သော သ<br>သင်ခန်းစာ<br>ပြင်ဆင်မှုများကို<br>ပုံဖော်ရေးဆွဲခြင်း၊<br>သင်ကြားခြင်းတို့<br>လုပ်ဆောင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | အခမ်းအနား အ အလှဆင်ခြင်း | • တိုင်းနှင့် ပြည်နယ် နှင့် ကိုက်ညီစွာ မူလ မူလတန်းကျောင်းသားများ အတွက် သင်ကြားရမည့် အခမ်းအနားအလှ ဆင်ခြင်းနှင့် ဆိုင်သော အကြောင်း အရာများကို ရှင်းပြနိုင်ရန်။<br>• မူလတန်းကျောင်းများတွင် အခမ်းအနားအလှဆင်ခြင်း ဆိုင်ရာ ကျွမ်းကျင်မှုများကို ဖော်ထုတ်နိုင်ရန်။<br>• အခမ်းအနားအလှဆင်ခြင်း ကို သင်ယူရာတွင် မူလတန်းကျောင်းသားများ ကြုံတွေ့နိုင်သော အခက်အခဲများ နှင့် ထိုအခက်အခဲများကို မည်သို့ ကူညီရမည်ကို ဆွေးနွေးနိုင်ရန်။ | • | • | • |

| | | | | | |
|---|---|---|---|---|---|
| | အချိန် စီမံခန့်ခွဲခြင်း | • တိုင်းနှင့် ပြည်နယ် နှင့် ကိုက်ညီစွာ မူလတန်းကျောင်းသားများ အတွက် သင်ကြားရမည့် အချိန် စီမံခန့်ခွဲခြင်း နှင့် ဆိုင်သော အကြောင်းအရာများကို ရှင်းပြနိုင်ရန်။<br>• မူလတန်းကျောင်းများတွင် သင်ကြားမည့် အချိန် စီမံခန့်ခွဲခြင်း ဆိုင်ရာကျွမ်းကျင်မှုများကို ဖော်ထုတ်နိုင်ရန်။<br>• အချိန် စီမံခန့်ခွဲခြင်း သင်ယူရာတွင် မူလတန်းကျောင်းသားများ ကြုံတွေ့နိုင်သော အခက်အခဲများ နှင့် ထိုအခက်အခဲများကို မည်သို့ ကူညီရမည်ကို ဆွေးနွေးနိုင်ရန်။ | • | • | • |

| | | | | | |
|---|---|---|---|---|---|
| စစ်ဆေးအ အကဲ ဖြတ်ခြင်း | ဒေသဆိုင်ရာ သ သင်ရိုး၏ စစ်ဆေးအကဲဖြ ဖြတ်ခြင်း | • မူလတန်းအဆင့် ဒေသဆိုင်ရာ သင်ရိုးတွင် အသုံးပြုသော စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများကို ရှင်းပြနိုင်ရန်။ | • အလယ်တန်းအဆင့် ဒေသဆိုင်ရာ သင်ရိုးတွင် အသုံးပြုသော စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများကို ရှင်းပြနိုင်ရန်။ | • ဒေသဆိုင်ရာ သ သင်ရိုးတွင် မူလတန်း ကျောင်းသားများ သင်ယူမှုကို သင်ယူစဉ်စစ်ဆေး အ အကဲဖြတ်ရန် အတွက် စစ်ဆေးအကဲ ဖြ ဖြတ်သည့် ပုံစံများကို အဆင့် သတ်မှတ်နိုင်ရန်။<br>• ဒေသဆိုင်ရာ သ သင်ရိုးတွင် မူလတန်းကျောင်း သားများ ၏ သင်ယူမှုကို သင်ယူစဉ် စစ်ဆေးအကဲဖြ ဖြတ်ရန် အတွက် စ စစ်ဆေးအကဲ | • ဒေသဆိုင်ရာသင်ရိုး တွင် မူလတန်း ကျောင်းသားများ ၏ ၏ သင်ယူမှုကို သင်ယူစဉ် စစ်ဆေး အကဲဖြတ်ရန် အ အတွက် စစ်ဆေး အကဲဖြတ်မည့် ပုံစံများ ကို ပုံဖော ဖော်ရေးဆွဲနိုင်ရန်။<br>• ဒေသဆိုင်ရာ သင်ရိုးတွင် မူလတန်း ကျောင်းသားများ ၏ ၏ သင်ယူမှုကို သင်ယူပြီး စစ်ဆေး အကဲဖြတ်ရန် အ အတွက် စစ်ဆေးအကဲဖြတ် မည့် ပုံစံများကို အ အကဲဖြတ်နိုင်ရန်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | ဖြတ်မည့် ပုံစံများကို ဆွေးနွေးနိုင်ရန်။ | |

## ၆။ စစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) အကဲဖြတ်ခြင်း စနစ်

ဤဘာသာရပ်ကို အောင်မြင်ပြီးမြောက်နိုင်ရန် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း နှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းများကို ရောစပ်ပြီး အသုံးပြုမည် ဖြစ်သည်။ ဆိုလိုသည်မှာ သင်ကြားသင်ယူမှု ဖြစ်စဉ်များကို တိုးတက်ကောင်းမွန်စေရန် နှင့် ကူညီထောက်ပံ့ပေးရန် စာသင်နှစ်တစ်လျှောက်လုံး၏ လုပ်ဆောင်ချက်များအပေါ် တွင်မူတည်ပြီး ပုံမှန် အကြံပေးတုံ့ပြန်မှုများပေးခြင်းဖြင့် ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ တိုးတက်မှုကို စစ်ဆေးအကဲဖြတ်ရမည် ဖြစ်သည်။ အစိတ်အပိုင်း တစ်ခုစီအတွက် အသေးစိတ် အမှတ်ပေးစံဇယားများကို သီးခြားလက်စွဲတစ်ခုဖြင့် နောက်ပိုင်းတွင် မျှဝေသွားမည်။

**ပထမနစ်**

| | |
|---|---|
| အတန်းတွင်း ပါဝင်ဆောင်ရွက်မှု | ၅ % |
| တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများ (အိမ်စာ၊ ပြန်လည်သုံးသပ်ရေးသောစာတမ်း စသည်တို့) နှင့် နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း | ၂၅ % |
| နောက်ဆုံး စာမေးပွဲ (ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ ကို စစ်ဆေးသည့် ရေးဖြေ စာမေးပွဲ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ) | ၇၀ % |

**ဒုတိယနှစ်**

| | |
|---|---|
| အတန်းတွင်း ပါဝင်ဆောင်ရွက်မှု | ၅ % |
| တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများ (အိမ်စာ၊ ပြန်လည်သုံးသပ်ရေးသောစာတမ်း စသည်တို့) နှင့် နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း | ၂၅ % |
| နောက်ဆုံး စာမေးပွဲ (ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ ကို စစ်ဆေးသည့် ရေးဖြေ စာမေးပွဲ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ) | ၇၀ % |

**တတိယနှစ်**

| | |
|---|---|
| အတန်းတွင်း ပါဝင်ဆောင်ရွက်မှု | ၅ % |
| တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများ (အိမ်စာ၊ ပြန်လည်သုံးသပ်ရေးသောစာတမ်း စသည်တို့) နှင့် နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း | ၁၅ % |
| စီမံကိန်း တစ်ခု | ၁၀ % |
| နောက်ဆုံး စာမေးပွဲ (ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ ကို စစ်ဆေးသည့် ရေးဖြေ စာမေးပွဲ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ) | ၇၀ % |

**စတုတ္ထနှစ်**

| | |
|---|---|
| အတန်းတွင်း ပါဝင်ဆောင်ရွက်မှု | ၅ % |
| တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုံ့ပြန်မှုများ (အိမ်စာ၊ ပြန်လည်သုံးသပ်ရေးသောစာတမ်း စသည်တို့) နှင့် နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း | ၁၅ % |
| စီမံကိန်း တစ်ခု | ၁၀ % |
| နောက်ဆုံး စာမေးပွဲ (ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ ကို စစ်ဆေးသည့် ရေးဖြေ စာမေးပွဲ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ) | ၇၀ % |

**အတန်းတွင်း ပါဝင်ဆောင်ရွက်မှု**

ကျောင်းသားတစ်ဦးစီသည် အတန်းတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။ ဖြစ်နိုင်မည်ဆိုပါက ကျောင်းသားများသည် online တွင် ဆွေးနွေးမှုများပြုလုပ်နိုင်ရန် အစီအစဉ်များပြုလုပ်နိုင်ပြီး ကျောင်းသားများကို စာသင်ချိန်ပြင်ပတွင် ထိုဆွေးနွေးမှုများကို ပါဝင်ဆောင်ရွက်ရန် အားပေးသင့်သည်။ (သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာ (ICT) ဖြင့် ပေါင်းစပ်သင်ယူခြင်း)

**တာဝန်ပေးထားသော ဖတ်စရာများ၊ ရေးသားဖော်ပြရသည့် တုန့်ပြန်မှုများနှင့် နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း**

ဆရာများသည် ကျောင်းသားများအတွက် အတန်းတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ (assignments) ပေးရန် ပြင်ဆင်ရမည်။ ထိုလုပ်ငန်းတာဝန်များတွင် ဖတ်ရှုရမည့် အကြောင်းအရာများ နှင့် ရေးသားဖော်ပြရမည့် တုံ့ပြန်မှုများနှင့် (အဖြေတိုများ၊ စာတမ်းတိုများ နှင့် ရုပ်ပုံများ၊ ဗီဒီယိုများကဲ့သို့သော စာသားပုံစံဖြင့်ဖော်ပြခြင်း မဟုတ်သည့်) အခြားပုံစံများ ပါဝင်သည်။

ထို့အပြင် အခန်း တစ်ခုစီတွင် ကျောင်းသားများကို မတူညီသော သင်ကြားသင်ယူမှုဖြစ်စဉ်များနှင့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ပြန်လည်သုံးသပ်ရန် အားပေးတိုက်တွန်းထားသော အခန်းခွဲများပါဝင်သည်။ ကျောင်းသားများသည် သက်ဆိုင်ရာအခန်း၏ ခေါင်းစဉ်များမှ

အသေးစိတ် အကြောင်းအရာတစ်ခုကို ရွေးချယ်ရမည်ဖြစ်ပြီး ကျောင်းသားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်ရန် မတူညီသော နည်းဗျူဟာ အမျိုးမျိုးကို စဉ်းစားတွေးခေါ် ရမည် ဖြစ်သည်။

**စီမံကိန်းများ**

စီမံကိန်း တစ်ခုကို ကျောင်းသားများက တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်ပြီး သော်လည်းကောင်း ပထမနှစ်တွင် ပြီးမြောက်အောင်လုပ်ဆောင်ရမည်။ ထိုသို့ပြုလုပ်စေခြင်းဖြင့် ကျောင်းသားများသည် မိမိတို့၏ ဒေသဆိုင်ရာသင်ရိုး ဘာသာရပ် အကြောင်းအရာ ဗဟုသုတများ အပေါ် နားလည်သဘောပေါက်မှု နှင့် စီမံချက်များကို ပုံဖော်ခြင်း၊ စီစဉ်ခြင်း နှင့် ရေးဆွဲခြင်းမှ ရရှိလာသော ကျွမ်းကျင်မှုများကို သရုပ်ဖော်ပြသနိုင်မည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်မှုသည် ကျောင်းသားများအား ဤဒေသဆိုင်ရာသင်ရိုး အတန်းတွင် သင်ယူခဲ့သော နားလည်သဘောပေါက်မှုများကို မိမိတို့၏နေ့စဉ်ဘဝ နှင့် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များတွင် မည်ကဲ့သို့ အသုံးချနိုင်ကြောင်းကို ဖော်ပြနိုင်မည်။

**နောက်ဆုံးစာမေးပွဲ**

ဤဘာသာရပ်တွင် ဆွေးနွေးလေ့လာခဲ့သည့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတ နှင့် သက်ဆိုင်ရာ သင်ကြားနည်းများအတွက် ပြန်လည်သုံးသပ်ချက်များ ကို စစ်ဆေးအကဲဖြတ်ရန် ရေးဖြေ စာမေးပွဲကို စာသင်နှစ်ဝက် တစ်ခုစီ၏ အဆုံးတွင် ပြုလုပ်မည် ဖြစ်သည်။

## ၇။ သင်ယူမှု အရင်းအမြစ်များ

- Basic Education Curriculum Framework
- Teacher Education Curriculum Framework
- MoE guidelines for development of Local Curriculum

- Existing EC textbooks for Agriculture; domestic science; industrial science
- UNESCO resource on information for farmers (app)
- MoE Basic Education G1-5 textbooks on agriculture, 2015-16
- New Grade 1 textbook on agriculture